# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 24 , 2025 Volume 88 , Number 14


| ၂၄.၃.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၆.၆၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၀.၀၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၁၉.၉၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၁.၈၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၅၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၂၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၄၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၉၈ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## MRF အနေဖြင့် ဧပြီလနှင့်မေလတွင် စပါးတင်းသိန်း ၁၅၀ နှင့် ညှော်မထဆန် ၄ သိန်းဝယ်ယူမည်




နိုင်ငံတကာဝယ်လိုအားကျဆင်းနေခြင်းနှင့် ပြည်တွင်းဝယ်လိုအားများ ကျဆင်းနေခြင်းတို့ကြောင့်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ဧပြီလနှင့်မေလတွင်စပါးတင်းသိန်း ၁၅၀ နှင့် ညှော်မထဆန် ၄ သိန်းဝယ်ယူနိုင်ရေးကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မတ်လ ၂၂ရက်နေ့တွင်ကျင်းပပြုလုပ်သောမြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆွေးနွေးပွဲနှင့်စပ်လျဉ်း၍သတင်းထုတ်ပြန်ချက်က သိရသည်။

လက်ရှိအခြေအနေတွင် နိုင်ငံတကာဝယ်လိုအားကျဆင်းနေခြင်း၊ ပြည်တွင်းဝယ်လိုအားများ ကျဆင်းနေခြင်းအတွက် ဆန်စပါးဈေးကွက်အတွင်း ညှော်မထနွေစပါးစိုက်ပျိုးသော တောင်သူလယ်သမားများအနေဖြင့်ဈေးနှုန်းကျဆင်းနေခြင်းနှင့် ရောင်းချရန်ခက်ခဲနေခြင်းတို့ကြောင့် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်နေခြင်းအပေါ် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပို့ကုန်ကုမ္ပဏီများ၊အသင်းဝင်ဆန်စက်ကြီးများနှင့် ညှိနှိုင်းပေါင်းစပ်၍ စပါးတင်းသိန်း ၁၅၀ နှင့်ညှော်မထဆန်အိတ် ၄ သိန်းဝယ်ယူရေးကို ၂၀၂၅ ခုနှစ်၊ဧပြီလနှင့်မေလတွင် ဆောင်ရွက်သွား မည်ဖြစ်သည်။

စပါး/ဆန် ရောင်းချရန်အခက်အခဲရှိအပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ရုံးဖုန်းနံပါတ်၀၁-၂၃၀၁၁၂၈-၂၉၊၀၁-၂၁၈၂၆၆-၆၈သို့ဆက်သွယ်နိုင်ကြောင်းအသိပေးထားသည်။


အလားတူ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပေါင်းဆန်တန်ချိန် ၃ သိန်းတင်ပို့နိုင်ရေး လျာထားချက် ပေါင်းဆန်စက် ၃၀ အား အဆင့်မြှင့်တင်ခြင်း၊ လိုအပ်သော ပံ့ပိုးကူညီမှုများ

ဆောင်ရွက်ခြင်း၊ပေါင်းဆန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည်ဆောင်ရွက်ရန် ကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းလည်း သိရသည်။

ဆက်လက်၍ အသင်းချုပ်နှင့် MOUရေးထိုးထားသည့် Solar Energy ကုမ္ပဏီ ၁၁ ခုနှင့်ပို့ကုန်ဆောင်ရွက်လျက်ရှိသည့် ဆန်စက်ကြီးများတွင် Solar Energy စက်တပ်ဆင်အင်အား ၄၁ ဒသမ ၅ မဂ္ဂါဝပ်ကို စတင်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးကြပြီး Solar Energy တပ်ဆင်မည့် စနစ်အမျိုးမျိုးအပေါ်ညှိနှိုင်းဆွေးနွေးခြင်း၊ Solarကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်ရရှိမည့် လျှပ်စစ်ဓာတ်အားကိုဝယ်ယူသုံးစွဲရေး၊လယ်ယာသီးနှံများတွင်စိုက်ပျိုးရေရရှိရေးဆောင်ရွက်မည့်ကိစ္စများစသည်တို့ကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**Source : Popular News Journal**

## ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ




ယခုအချိန်သည် ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်၍ နိုင်ငံတစ်ဝှန်းတွင် ဆောက်လုပ်ရေး လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှု လုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့်ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကိုပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက်ပြည်ပမှဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့်တင်သွင်းလာသောဘိလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ် ရောက်ရှိလျက်ရှိပြီး ယခုတန်ချိန် ၁၅၀၀ တင်ဆောင်လာသည့် ရေယာဉ်သည် ရန်ကုန်မြို့၊ ရွှေပြည်သာ ရွှေမဲဆိပ်ကမ်းသို့ မတ်လ ၂၂ ရက်နေ့ညနေပိုင်းတွင် ထပ်မံရောက်ရှိခဲ့၍ မတ် ၂၃ ရက်နံနက်ပိုင်းတွင် ဈေးကွက်အတွင်းဖြန့်ဖြူးရန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်းလိုအပ်သောဘိလပ်မြေကိုတင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေတင်ဆောင်လာသည့် ရေယာဉ်များပါအပတ်စဉ်ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**Source :** https://www.myawady.net.mm/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၇-၃-၂၀၂၅ မှ ၂၁-၃-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၀၁၇,၀၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၃,၃၁၇,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၉၆၀,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၆,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၇,၀၀၀ ဈေးကျဆင်းခဲ့ပြီး ပဲစင်းငုံ Red/RC (2024 Crop )ကျပ် ၂၀,၀၀၀ ဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်ကကုန်စည်ဒိုင်သို့ မတ်ပဲကွန်တိန်နာ ၁၁၀ လုံး(တန်ချိန် ၂၆၄၀)နှင့်ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၅၀ လုံး (တန်ချိန် ၃၆၀၀) နှင့်ပဲစင်းငုံ Red/ RC(2024 Crop)ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀)ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက် မတ်ပဲ FAQ/ RC (2024 Crop) ကွန်တိန်နာ ၄၀လုံး (တန်ချိန်၉၆၀)ပိုမိုဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သောငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၉,၀၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ နှင့် မိုးထောင်မြစ်ဝပု ကျပ် ၁၀,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲငရုတ် (သစ်) AC ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီးမြားနီ ကျပ် ၅၀၀ နှင့် မိုးထောင်မြစ်ဝပုကျပ် ၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်ငရုတ်သီး မှာဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၈၇၀၀ (၁၇၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၇၀၀ (၁၀,၅၀၀ ပိဿာ )ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင်ငရုတ်ရှည်အိတ်ပေါင်း ၇၅၀၀(၁၅၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၈၀၀ (၁၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၁၂၀၀ (၂၄,၀၀၀ ပိဿာ)လျော့နည်း ဝင်ရောက်ခဲ့ပြီး ငရုတ်ပုအိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၅၈၀၀၊ မန်ကျည်းအသား(သစ်)ကျပ် ၈၀၀၀ နှင့် မန်ကျည်းသီး(ရမည်းသင်းဒါးဇင်း)ကျပ် ၅၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး)ကျပ် ၅၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၀၀၊ ပခုက္ကူကြိမ်းကျပ် ၇၁၀၀၊ရေစကြိုထန်းလျက်(ချော) ကျပ် ၈၀၀၀၊ ကြံသကာ ကျပ် ၅၀၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာ မလိုင်(ဒုံး) ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၇-၃-၂၀၂၅ မှ ၂၁-၃-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ဆိပ်ဖြူမြို့နှင့်မြစ်သားမြို့တို့မှ ကြက်သွန်နီများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ(တစ်ပိဿာ)ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၁၀၀ ၊ဆိပ်ဖြူလတ်ကြီးကျပ် ၂၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၁၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၇၀၀၊ မြစ်သားသစ်ရှယ်ကျပ် ၂၆၀၀၊ မြစ်သားလတ်ကြီးကျပ် ၂၈၀၀၊ မြစ်သားလတ်သန့်ကျပ် ၂၆၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်းဆိပ်ဖြူရှယ်ကျပ် ၃၀၀ ၊ဆိပ်ဖြူလတ်ကြီးကျပ် ၂၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၄၀၀ ၊ဆိပ်ဖြူလတ်ချော ကျပ် ၄၀၀ ၊မြစ်သားသစ်ရှယ်ကျပ် ၁၀၀၊ မြစ်သားလတ်ကြီး ကျပ်၁၀၀၊ မြစ်သားလတ်သန့် ကျပ် ၂၀၀ နှင့် မြစ်သားလတ်ချောကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်ကကားစီးရေ ၂၀၅ စီး (၁,၂၃၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၈၅ စီး (၁,၁၁၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက် ကားစီးရေ ၂၀ စီး (၁၂၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ)ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၃၀၀၀၊ အောင်ပန်း ထူး-၂ ကျပ် ၅၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၆၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၆၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၅၀၀ ၊အောင်ပန်း ထူး-၂ ကျပ် ၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး- ကျပ် ၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၂၈၀၀ (၈၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၆၀၀ အိတ် (၁၈,၀၀၀ ပိဿာ) ပိုမိုဝင် ရောက် ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ တရုတ်အာလူးကျပ် ၄၀၀၀ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်းတရုတ်အာလူးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့အာလူးဝင်ရောက်မှုမှာ ယခင်အပတ်ကကားစီးရေ ၂၇ စီး (၁၆၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင်ကားစီးရေ ၃၃ စီး(၁၉၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၆ စီး (၂၄,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကျောက်ဆည်ဒေသထွက်ဖီးကြမ်းငှက်ပျောဈေးနှုန်းဈေးကွက်



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် အညာဒေသလယ်တွင်းကိုးခရိုင်တွင် တစ်ခုအပါအဝင်ဖြစ်ပြီးစိုက်ပျိုးရေးကိုအခြေခံ၍စပါး၊ပဲမျိုးစုံ၊ ဆီထွက်သီးနှံမျိုးစုံ၊ငရုတ်၊သရက်နှင့်ငှက်ပျော စသည့်သီးနှံများအား ရာသီအလိုက်စိုက်ပျိုးလျက်ရှိသည်။

ငှင်းသီးနှံများအနက် ငှက်ပျောသီးနှံအား တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ် စိုက်ပျိုးလာကြသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်ငှက်ပျောစိုက်ကေကျောက်ဆည်မြို့နယ်တွင် ၁၂၈၂ ကေစိုက်ပျိုးခဲ့ပြီး ၁၂၆၄ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏စာရင်းများအရသိရသည်။

ငှက်ပျောကိုရာသီမရွေးစိုက်ပျိုးနိုင်ကြောင်း၊ငှက်ပျောစိုက်ပျိုးရာတွင် ၁ ကေလျှင် အပင် ၈၀၀စိုက်ပျိုးရကြောင်း၊ တစ်ပင်နှင့်တစ်ပင် ၈ ပေခြားကာစိုက်ပျိုးရပြီး ၉ – ၁၀ လအကြာတွင် ငှက်ပျောဖူးများ စတင်ထွက်ရှိ၍ ငှက်ပျောဖူးထွက်ပြီး ၃လကြာလျှင် ရောင်းတန်းဝင် ငှက်ပျောခိုင်များရရှိလာသည်။

ကျောက်ဆည်ဒေသ၌ အများအားဖြင့် ဖီးကြမ်းငှက်ပျောမျိုးများကို အဓိကထားစိုက်ပျိုးကြသည်။ ၁ ကေ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် ပျိုးပင်၊သွင်းအားစု၊လုပ်သားခအပါအဝင် စုစုပေါင်း ငွေ ၁၅ သိန်းကျပ်ဝန်းကျင်ခန့် ကုန်ကျကြောင်းသိရသည်။

ငှက်ပျောခြံများမှငှက်ပျောအခိုင် ၄၀ ပါလှည်းတစ်စီးလျှင် ၂၈၀,၀၀၀ ကျပ်ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ငှက်ပျောသီးဖီးကြမ်းတစ်ဖီးဈေးနှုန်းမှာ လက်ရင်း ၃၀၀၀ ကျပ် ၊ လက်ဖျား ၂၅၀၀ ကျပ် ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ၁ ဧကအကျိုးအမြတ်အနေဖြင့် သိန်း ၄၀ ဝန်းကျင်ခန့်မြတ်ကြောင်း၊ ကျောက်ဆည်မြို့နယ်ရှိ ငှက်ပျောပွဲစားများသည် ငှက်ပျောခြံအထိလာရောက်ဝယ်ယူကြကြောင်း ၊ဈေးကွက်အနေဖြင့် ရန်ကုန်၊ မန္တလေး၊ပဲခူးမြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ကျောက်ဆည်မြို့နယ်ရှိငှက်ပျောပွဲစားများသည်ရွှေသိမ်တော်ဘုရားရှိကန်တော့ပွဲရောင်းချသည့်ဆိုင်များသို့လည်းရောင်းချလျက်ရှိကြောင်း၊ရွှေသိမ်တော်ဘုရားသည် ဆုတောင်းပြည့်စေတီဖြစ်၍အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများစဉ်ဆက်မပြတ်လာရောက်ကြပြီးကန်တော့ပွဲထိုး၍ ဆုတောင်းအဓိဋ္ဌာန်များပြုလုပ်မှုနေ့စဉ်များပြားပြီးအခါကြီးရက်ကောင်းရက်မြတ်များတွင် ပိုမိုများပြားသဖြင့်ငှက်ပျောသီးရောင်းအားအလွန်ကောင်းမွန်လျက်ရှိကြောင်း၊ ငှက်ပျောစိုက်တောင်သူများအနေဖြင့် ဖီးကြမ်းငှက်ပျောများစိုက်ပျိုးရာတွင်အကျိုးအမြတ်များရရှိပြီးတွက်ခြေကိုက်သဖြင့်စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ ငှက်ပျောပင်စိုက်ပျိုးရာတွင် ၁ နှစ်နီးပါးအချိန်ကြာကြာစောင့်ရသော်လည်း စိုက်ပျိုးပြီးစီး၍ရောင်းတန်းဝင်အပင်များဖြစ်လာပါကငှက်ပျောခိုင်၊ငှက်ပျောအရွက်၊ ငှက်ပျောပင်ပေါက်ကလေးများပါရောင်းချရသည့်အတွက် တစ်ပင်လုံးအသုံးဝင်သောကြောင့် ဖီးကြမ်းငှက်ပျောမျိုးများကို နှစ်စဉ်စိုက်ပျိုးကြောင်း သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငွေတိုးစပါးတင်းရေ ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငွေတိုးစပါးတင်းရေ ၆၅,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦး က ပြောသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလက ငွေတိုးစပါးတင်းရေ ၄၃,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီးဖေဖော်ဝါရီလတွင် ငွေတိုးစပါးတင်းရေ ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လအတွင်း ငွေတိုးစပါးတင်းရေ ၆၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။အိမ်မဲမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ငွေတိုးစပါးအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ငွေတိုးစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်ကမတ်လမှာအများအပြားဝယ်ယူဖို့ချိတ်ဆက်မှုတွေရှိနေပါတယ် တင်ပို့ရောင်းချတဲ့အခါမှာ အခက်အခဲမရှိပါဘူး" ဟု ၎င်းက ပြောသည်။

အိမ်မဲမြို့နယ်မှငွေတိုးစပါးတင်းရေ အများအပြားကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ကုန်တင်ယာဉ်အငှားလိုက်သူများ၊အလုပ်အကိုင်အခွင့်အလမ်းများကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ငွေတိုးစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁,၇၅၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## နယူးဇီလန်၏ အကြီးစားသတ္တုတူးဖော်ရေး စီမံကိန်းသည် ၂၀၂၆ ခုနှစ်တွင် စတင်လည်ပတ်မည်



နယူးဇီလန်နိုင်ငံ၏ နောက်ထပ် အဓိကသတ္တုတူး ဖော်ရေးလုပ်ငန်းသည် ၂၀၂၆ ခုနှစ်တွင် စီးပွားဖြစ်ထုတ် လုပ်မှုကိုစတင်ရန်ရည်မှန်းထားပြီး၂၀၃၅ ခုနှစ်တွင် အစိုး ရ၏ ဓာတ်သတ္တုတင်ပို့မှုမှ ဝင်ငွေနှစ်ဆတိုးလာစေရန် ရည်မှန်းထားသည်။

အဆိုပါလုပ်ငန်းသည် အလုပ်အကိုင်ပေါင်း ၂၅၀ ဖန် တီးပေးမည်ဖြစ်ပြီး ရည်မှန်းချက်ပြည့်မီရန်အတွက် နယူး ဇီလန် ဒေါ်လာ သန်း ၃၅၀ အားထောက်ပံ့ သွားမည်ဖြစ်ကြောင်း အရင်းအမြစ်ဝန်ကြီး Shane Jones က ပြောကြားခဲ့သည်။

တောင်ပိုင်းကျွန်း Reefton ရှိ Snowy River မြေအောက်ရွှေတွင်းသည် မီတာ ၂၅၀၀၀ နီပါးတူးဖော်ပြီးနောက် ရွှေထုတ်လုပ် မှုကိုစတင်ရန်ရည်ရွယ်ထားကြောင်း Jones ကပြောကြားခဲ့သည်။

ယခုစီမံကိန်းသည် ၄င်း၏ပြုပြင်ရေးစက်ရုံကို ၂၀၂၅ ခုနှစ် နှစ်လယ်တွင်စတင် တည်ဆောက်မည်ဖြစ်ပြီး လာမည့်နှစ်တွင် လုပ်သား ၁၆၀ ကျော်ကိုအလုပ်ခန့်ထားကာ တည်ဆောက်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အာရုံစိုက်နေပြီဖြစ်သည်။

ဖေဖော်ဝါရီ တစ်လတည်းတွင်အဆိုပါစီမံကိန်းသည်နယူးဇီလန်၏ဒေသတွင်းစီပွားရေးသို့ နယူးဇီလန်ဒေါ်လာ ၂ ဒသမ ၉ သန်းရရှိစေခဲ့ပြီး West Coast မှတိုက်ရိုက်အကျိုးအမြတ် နယူးဇီလန်ဒေါ်လာ ၁ သန်းရှိကြောင်း Jones က ပြောကြားခဲ့ကြောင်း သိရသည်။


**Source : Xinhua**

DOCA(ရန်ကုန်)

https://www.doca.gov.mm/

TIR

## ကမ္ဘာပေါ်ရှိ ဗဟိုဘဏ်များက ဒေါ်လာငွေကြေးအစား ရွှေချောင်း ၁၀၄၄ ဒသမ ၆ မက်ထရစ်တန်ချိန်ကို အရန်အဖြစ် သိုလှောင်ရန် ဝယ်ယူ



ကမ္ဘာပေါ်ရှိဗဟိုဘဏ်များသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် အတွင်းရွှေချောင်း ၁၀၄၄ ဒသမ ၆ မက်ထရစ်တန်ချိန်ကို အရန် အဖြစ် သိုလှောင်ရန်ဝယ်ယူခဲ့ကြောင်း ကမ္ဘာ့ရွှေကောင်စီက ထုတ်ပြန်သည့်အစီရင်ခံစာတစ်စောင်တွင်ဖော်ပြထားသည်။

ကမ္ဘာ့နိုင်ငံများရှိ ဗဟိုဘဏ်များသည် ဒေါ်လာငွေကြေး အစား ရွှေချောင်းများကိုပိုမိုဝယ်ယူ၍အရန်အဖြစ် သိုလှောင်ခဲ့ ခြင်းကြောင့် ၂၀၂၄ ခုနှစ်သည် ရွှေချောင်းများအား မက်ထရစ် တန်ချိန်ပေါင်း ၁၀၀၀ ကျော်ထက်ပိုမိုများပြားသည့်ပမာဏကိုဝယ်ယူသည့်တတိယမြောက်နှစ်ဖြစ်လာခဲ့သည်ဟုအစီရင်ခံစာတစ် စောင်တွင် ဖော်ပြထားသည်။

ထို့ပြင် ဗဟိုဘဏ်များ၏ရွှေချောင်းဝယ်ယူမှုပမာဏသည် ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း နှစ်ဆမြင့်တက်လာပြီး လာမည့် ၁၂ လအတွင်း ကမ္ဘာပေါ်ရှိဗဟိုဘဏ်များအနက် ၈၁ ရာခိုင်နှုန်းသည် ရွှေချောင်းကိုအရန်အဖြစ်သိုလှောင်ရန်အတွက် ပိုမိုဝယ်ယူ မည်ဟု မျှော်လင့်ထားသည်။ရွှေချောင်းများကို အရန်အဖြစ်အများဆုံးသိုလှောင်ထားသည့် နိုင်ငံ ၁၀ နိုင်ငံတွင် အမေရိကန်ပြည်

ထောင်စုကထိပ်ဆုံးမှဦးဆောင်နေပြီး ရုရှားနိုင်ငံကနံပါတ် ၅ နေရာနှင့်တရုတ်နိုင်ငံကနံပါတ် ၆ နေရာတို့တွင် ရပ်တည်လျက်ရှိသည်။

ရုရှားဗဟိုဘဏ်က အရန်အဖြစ်သိုလှောင်ထားသည့်ရွှေချောင်းပမာဏမှာ ၂၃၃၂ ဒသမ ၇၄ မက်ထရစ်တန်ရှိပြီး တရုတ်နိုင်ငံကမူ ၂၂၇၉ ဒသမ ၅၆ မက်ထရစ်တန် ကိုသိုလှောင်ထားသည်ဟု အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

Source : https://www.myawady.net.mm/

## တရုတ် -အင်ဒိုနီးရှားငှက်သိုက်ကုန်သွယ်ရေးညီလာခံက ငှက်သိုက်တင်ပို့မှုအားကောင်းရန် မျှော်လင့်ရ




တရုတ်-အင်ဒိုနီးရှားငှက်သိုက်ကုန်သွယ်ရေးညီလာခံသည် နှစ်နိုင်ငံစလုံးမှ စီးပွားရေးလုပ်ငန်းရှင်များကြားပူးပေါင်းဆောင်ရွက်မှုအရှိန်မြှင့်တင်ရန်ဗျူဟာမြောက်ပလက်ဖောင်းတစ်ခုအဖြစ် ဆောင်ရွက်ပေးနိုင်ရန် မျှော်လင့်ရကြောင်း သိရသည်။

အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီး Budi Santoso က ၎င်း၏ဝန်ကြီးဌာနသည် အင်ဒိုနီးရှား၏စားသုံး၍ရသော ငှက်သိုက်အား တရုတ်သို့တင်ပို့မှုမြှင့်တင်ရန်အားထုတ်မှုများကို ပံ့ပိုးပေးမည်ဟု သိရသည်။ အင်ဒိုနီးရှားသည်ကမ္ဘာ့အကြီးဆုံးအကောင်းဆုံးငှက်သိုက်များထုတ်လုပ်သူဖြစ်ပြီးနိုင်ငံတကာအဆင့်မီပြုပြင်ထုတ်လုပ်မှုစံနှုန်းများနှင့် ပတ်သက်၍ နာမည်ကျော်ကြားကြောင်း သိရသည်။

Santoso က ထိုမြင့်မားသောစံနှုန်းများကို ဆက်လက်ထိန်းသိမ်းရန် အာမခံကြောင်းနှင့်ထိုဖိုရမ်သည်တရုတ်နှင့်အင်ဒိုနီးရှားကြားကုန်သွယ်ရေးဆက်နွှယ်မှုအားကောင်းရာတွင်ပူးပေါင်းပါဝင်ပေးနိုင်ရန်မျှော်လင့်ကြောင်းပြောကြားခဲ့သည်။ ဂျာကာတာတွင်ကျင်းပခဲ့သည့်ပွဲကိုအင်ဒိုနီးရှားလုပ်ငန်းရှင် ၃၀၊ငှက်သိုက်အသင်း ၅ ခုနှင့် တရုတ်စိုက်ပျိုးမွေးမြူရေးလက်ကားဈေးကွက်အသင်းမှအဖွဲ့ဝင် ၃၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

Santoso က ထိုပူးပေါင်းဆောင်ရွက်မှုသည်စဉ်ဆက်မပြတ်အပြန်အလှန်အကျိုးရှိသော ကုန်သွယ်ရေးဂေဟစနစ်ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းနှင့် အစိုးရသည် ကမ္ဘာ့ထိပ်တန်းစားသုံးနိုင်သော ငှက်သိုက်ဈေးကွက်အဖြစ်တည်ရှိနေသည့် နိုင်ငံ၏ ရပ်တည်မှုကို ဆက်လက်အားကောင်းစေရန် ပို့ကုန်လုပ်ငန်းရှင်များ၊ အသင်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။၂၀၂၄ ခုနှစ်တွင် အင်ဒိုနီးရှား၏ကမ္ဘာ့ဈေးကွက်သို့စားသုံးနိုင်သောငှက်သိုက်တင်ပို့မှုမှာစံချိန်တင် အမေရိကန်ဒေါ်လာ ၄၂၈ သန်းတန်ဖိုးရှိခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင်တရုတ်သည်အမေရိကန်ဒေါ်လာ ၆၃၄ ဒသမ ၉၅ သန်းတန်ဖိုးရှိသောငှက်သိုက်များကို ကမ္ဘာတစ်ဝှန်းမှတင်သွင်းခဲ့ပြီး၇၀ ရာခိုင်နှုန်းနီးပါးကိုအင်ဒိုနီးရှားမှတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်အပြင် အင်ဒိုနီးရှားသည်ဟောင်ကောင်၊ ဗီယက်နမ်၊ စင်ကာပူ၊ အမေရိကန်နှင့် တရုတ်တိုင်ပေတို့သို့လည်း စားသုံး၍ရသောငှက်သိုက်များ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source : Antara News**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

# STOCK EXCHANGE (24.3.2025)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 24th Mar. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,219 (Shares) | 32,909,600 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | -200 | -2.78% | 7,200 | 7,300 | 7,000 | 1,960 | 13,742,600 | 33,109,694 | 231,768 |
| MTSH | 00002 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 5,818 | 18,047,000 | 38,929,150 | 120,680 |
| MCB | 00003 | 7,700 | +100 | +1.32% | 7,700 | 7,700 | 7,700 | 20 | 154,000 | 10,400,986 | 80,088 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,850 | 1,850 | 1,800 | 95 | 171,650 | 29,664,613 | 53,396 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 0 | 0 | 12,823,224 | 37,187 |
| EFR | 00006 | 1,550 | -50 | -3.13% | 1,600 | 1,600 | 1,550 | 155 | 240,350 | 19,977,223 | 30,965 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 1 | 4,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,200 | 3,250 | 3,200 | 170 | 550,000 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 24th Mar. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.04 | -5.31 | -1.47% | 361.71 | 362.94 | 357.04 | 8,219 | 32,909,600 | 8 | 673,440 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 24th Mar. 2025

| Trading Volume | Trading Value |
|---|---|
| 8,219 (Shares) | 32,909,600 (MMK) |

## Main Board

As of 1:00 pm, 24th Mar. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,219 (Shares) | 32,909,600 (MMK) |

| MYANPIX | 357.04 ▼ 5.31 |
|---|---|
| Total Volume (shares) | 8,219 |
| Total Value (MMK) | 33 mil |
| Listed Company | 8 |
| Market Cap. (MMK) | 673,440 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,000 | ▼ 200 |
| MTSH | 00002 | 3,100 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 100 |
| FPB | 00004 | 1,800 | ▼ 50 |
| TMH | 00005 | 2,900 | ▲ 0 |
| EFR | 00006 | 1,550 | ▼ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |